ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန
ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန
ရုံးအမှတ် (၅၃)၊ နေပြည်တော်

စာအမှတ်၊အီးအိုင်အေ-၂/သတ္တု(၁၁၆၅ /၂၀၁၉)
ရက်စွဲ ၊ ၂၀၁၉ ခုနှစ် ဇွန်လ ၁၄ ရက်

သို့

ဦးဆောင်ညွှန်ကြားရေးမှူး
အမှတ်( ၂ ) သတ္တုတွင်းလုပ်ငန်း

အကြောင်းအရာ။ **တံချူသျှင်သတ္တုတူးဖော်ရေးကုမ္ပဏီလီမိတက်မှ စစ်ကိုင်းတိုင်းဒေသကြီး၊ ကသာခရိုင်၊ ဗန်းမောက်မြို့နယ်၊ နားနန့်ထွန်ကျေးရွာအုပ်စု၊ နန့်ကျင်ကြီးပိုင်း လုပ်ကွက်အမှတ် (SBM-316) မြေဧရိယာ (၂၀) ဧက တွင် ရွှေသတ္တုတူးဖော်ခြင်းလုပ်ငန်းဆောင်ရွက်ရန်အတွက် တင်ပြလာသော ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ် (EMP) အပေါ် အတည်ပြုပြန်ကြားခြင်း**

ရည် ညွှန်း ချက် ။
(၁) အမှတ်(၂)သတ္တုတွင်းလုပ်ငန်း၏ ၂၄-၁၀-၂၀၁၆ ရက်စွဲပါစာအမှတ်၊ ၁၈၈၇/ရွှေဖက်စပ်(တံချူသျှင်- EMP)/၁၆-၁၇
(၂) ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၏ ၁၅-၅-၂၀၁၇ ရက်စွဲပါ စာအမှတ်၊ အီးအိုင်အေ-၂/၉ (၇၉၆/၂၀၁၇)
(၃) အမှတ်(၂)သတ္တုတွင်းလုပ်ငန်း၏ ၂၆-၇-၂၀၁၇ ရက်စွဲပါစာအမှတ်၊ ၁၆၇၃/ ရွှေဖက်စပ်(တံချူသျှင်-EMP)/၁၇
(၄) ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၏ ၂၀-၁၁-၂၀၁၈ ရက်စွဲပါ စာအမှတ်၊ အီးအိုင်အေ-၂/သတ္တု (၁၉၀၇/၂၀၁၈)
(၅) အမှတ်(၂)သတ္တုတွင်းလုပ်ငန်း၏ ၃၀-၁-၂၀၁၉ ရက်စွဲပါစာအမှတ်၊ ၂၅၄/ ရွှေဖက်စပ်(တံချူသျှင်-EMP)/၂၀၁၉
(၆) သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံး၏(၂၅-၃-၂၀၁၉)ရက်စွဲပါစာအမှတ်၊(သစ်တော) ၃(၂)/၁၆(ဃ)(၁၂၄၇/၂၀၁၉)

၁။ အကြောင်းအရာပါကိစ္စနှင့်ပတ်သက်၍ တံချူသျှင်သတ္တုတူးဖော်ရေးကုမ္ပဏီလီမိတက်မှ စစ်ကိုင်းတိုင်းဒေသကြီး၊ ကသာခရိုင်၊ ဗန်းမောက်မြို့နယ်၊ နားနန့်ထွန်ကျေးရွာအုပ်စု၊ နန့်ကျင်ကြီးပိုင်းအတွင်းရှိ မြေဧက (၂၀) ကျယ်ဝန်းသော လုပ်ကွက်အမှတ် (SBM-316)တွင် ရွှေသတ္တုတူးဖော်ခြင်းလုပ်ငန်းအတွက် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်(EMP) ကို အမှတ် (၂) သတ္တုတွင်းလုပ်ငန်းမှ တစ်ဆင့် ရည်ညွှန်း (၁) ပါစာဖြင့် အမှတ်(၂)သတ္တုတွင်းလုပ်ငန်းမှ ပေးပို့လာခြင်းအပေါ် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှ စိစစ်သုံးသပ်ပြီး ရည်ညွှန်း(၂) ပါစာဖြင့်လည်းကောင်း၊